## ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေး

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်သည် International Monetary Fund (IMF) ၏ Mission Chief ဖြစ်သူ Mr.Kenichiro Kashiwase အား နေပြည်တော်၊ ရုံးအမှတ် (၃၂)၊ အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် မေလ (၈) ရက်၊ နံနက်(၁၀:၃၀) နာရီအချိန်တွင် လက်ခံတွေ့ဆုံခဲ့ပါသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် IMF က ဗဟိုစာရင်းအင်းအဖွဲ့သို့ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးမှုအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ပြန်လည်ပေးနိုင်ရေး၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် IMF တို့အကြား ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။